ရှေကျင်နိကာယ ဒုတိယ သာသနာပိုင်
မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး
ရေးသားတော်မူ၍
စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ
ပဌာန်းသိပ္ပံ ဆရာတော် ဖွင့်ဆိုဟောကြားအပ်သော

ပစ္စယဋ္ဌဝိဘာဝနီကျမ်း





[illegible]ခင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာ[illegible]ရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၇၁ ဇန်နဝါရီလ ၁၉၆၁

၁ ၅ ၈ ၁၁

ရန်ကုန်မြို့၊ မင်္ဂလာဗျူဟာအသင်းတို့က၌ ကျင်းပသော
၁၀၃-ကြိမ်မြောက် ပဋ္ဌာန်းအခြေခံ အဘိဓမ္မာသင်တန်း၌

ရှေကျင်နိကာယ ဒုတိယ သာသနာပိုင်
မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး
ရေးသားတော်မူ၍
စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတ
ပဋ္ဌာန်းသိပ္ပံ ဆရာတော် ဖွင့်ဆိုဟောကြားအပ်သော

၀ ၀၆ ၄
ပဋ္ဌာန်းတော်



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာဓရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၃ ကောဇာ ၁၃၇၁ ဇန်နဝါရီလ ၁၉၈၀

ပစ္စယတ္ထ ဝိဘာဝနီကျမ်း၊

ပထမအကြိမ် ရိုက်နှိပ်ခြင်း၊

အုပ်ရေ ၃၀၀၀၊ ၁၉၇၀။

ရန်ကုန်မြို့ ကမ္ဘာဘေး သာသနာဝေးဦးစီးဌာန ပုံနှိပ်ပိုက်တွင်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၄၇၀၅/၀၂၅၂၇)က ပုံနှိပ် တုတ်ဝေသည်။

ပစ္စယဇ္ဈဝိဘာဝိနီကျမ်း

နိဒါန်း

၁။ **အဂ္ဂမဟာပဏ္ဍိတ** စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံ ဆရာတော်ဘုရားကြီးသည် ပဌာန်းတရားတော်ကြီး တည်တံ့ခိုင်မြဲ ပြန့်ပွါးရေးအတွက်စစ်ကိုင်းဘောင်, ပုပ္ပါးတောင်စသည် တို့၌ နှစ်ပေါင်း ၃၀-ကျော်တိုင်အောင် ရဟန်း သံဃာတော် သီလရှင်တို့အား ပဌာန်းစာဝါပေါင်း ၁၀၁-ကြိမ်ကို ပို့ချပေး တော်မူခဲ့ပါသည်။

၂။ ၁၃၄၁-ခုနှစ် တန်ဆောင်မုန်းလတွင် စစ်ကိုင်းဧတာင် တော်မှ ရန်ကုန်မြို့ သိုဏ်တွေရတောင်တော်သို့ ကြွတော်မူ၍ ရွှေတိဂုံဧစေတီတော် ဗုဒ္ဓဓါတု သံတန်ဆောင်းကြီးတွင် သံဃာတော် ၅၀၀-ကျော်တို့ကား ၁၀၂-ကြိမ်မြောက် ပဌာန်း စာဝါကို ပို့ချပေးတော်မူပါသည်။ (ရန်ကုန်၌ ပထမဆုံး အကြိမ် ပို့ချခြင်း ဖြစ်ပါသည်)။

၃။ ဟသက်တခါ ကြုံတောင့်ကြုံခဲ ပဌာန်းသိပ္ပံဆရာတော် ဘုရားကြီး ရန်ကုန်သို့ကြွ၍ ပဌာန်းပို့ချတော်မူခိုက် "မဂ်လာ ဗျူဟာ အသင်းချုပ်" ၏ ဦးတိုက် လျှောက်ထားချက်အရ လူပုဂ္ဂိုလ်များအတွက် ပဌာန်းလမ်းညွှန်သင်တန်း ကို ၁၃၄၁-နှစ်တော်လပြည့်ကျော် ၁၀-ရက်(၁၃-၁၂-၇၉)ကြာ သပတေး နေ့မှစ၍ ၁၀၃-ကြိမ်မြောက် ပဌာန်းစာဝါအဖြစ် ပို့ချပေး တော်မူပါသည်။ (လူပုဂ္ဂိုလ်များအတွက် ပဌမဆုံးအကြိမ် သင်တန်း ဖြစ်ပါသတဲ့)။

နိဒါန်း

၄။ ရန်ကုန်မြို့ အာဇာနည်ဗိမာန်လမ်းရှိ မဂ်လာဗျူဟာ အသင်းချုပ်–ဗုဒ္ဓဘာသာ သင်တန်းကျောင်းတွင် "ပဋ္ဌာန်း လမ်းညွှန်သင်တန်း"ကို ပို့ချရာ၌ ကျေးဇူးတော်ရှင် ဒုတိယ ဦးကျင်သာသနာပိုင် ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ၂၄-ပစ္စည်း လက်စာအနက်တို့ကို ဖြည့်စွက်၍ ပို့ချပေးတော်မူရာ နာကြားရသူတိုင်း ကြည်ညိုသဒ္ဓါ ဖြစ်ကြပါသဖြင့် ဘလွယ် ဟက္ခ ကျက်မှတ် ပူဇော်နိုင်ပါရန် သင်တန်းသူ, သင်တန်း သား ဓမ္မမိတ်ဆွေတို့၏ စုပေါင်းစေတနာဖြင့် ဤ "ပစ္စယတ္ထ-ဝိဘာဝဝိနိစ္ဆယ်" ကို မဂ်လာဗျူဟာအသင်းချုပ်မှ ဓမ္မ ဒါနအဖြစ် ထုတ်ဝေ ပူဇော်လိုက်ပါသည်။

၅။ ပဋ္ဌာန်းသပ္တပ်ဆရာတော်ဘုရားကြီး၏ပဋ္ဌာန်းလမ်းညွှန် သင်တန်းကိုလည်း စာအုပ်အဖြစ်ရိုက်နှိပ်ရန် မဂ်လာဗျူဟာ မှ စီစဉ်လျက် ရှိပါသည်၊ မဂ်လာဗျူဟာသည် လွန်ခဲ့သော ၁၀-နှစ်ခန့်မှစ၍ အသံမစဲ မဟာပဋ္ဌာန်း ရှုတ်ဖတ် ပူဇော်ပဲ့ ကြီးကို စတင် ဖော်ထုတ် ပူဇော်ခဲ့ပါသည်၊ ယခုအခါ "ရှုတ် ဖတ်ခြင်းမှ သင်ယူခြင်းသို့" ဟူသော ကြေးကြော်ချက်ဖြင့် မူလပဋ္ဌာန်းပါဠိဂျာ ဆရာတော်ကြီးနှင့် ပဋ္ဌာန်းသပ္တပ်ဆရာတော် ဘုရားကြီးတို့၏ နည်းနာနယမျှားအတိုင်း ပဋ္ဌာန်း သင်တန်း မျှားကို ဖွင့်လှစ်ပို့ချနေပြီ ဖြစ်ပါကြောင်း သူတော်ကောင်း တို့အား အစီရင်ခံအပ်ပါသတည်း။

မဂ်လာအပေါင်းနှင့် ပြည့်စုံကြပါစေ။

(ပဋ္ဌာန်းသိပ္ပံ ဆရာတော်ထံမှ ပဋ္ဌာန်း သင်ယူပြီးသော ရဟန်း၊ ရှင်၊ လူ၊ သီလရှင်ပေါင်း ငါးထောင်ကျော်ခဲ့ပါပြီ။)

မဂ်လာဗျူဟာအသင်းချုပ်

ပစ္စယတ္ထဝိဘာဝနကျမ်း

မာတိကာ

အကြောင်းအရာ			စာမျက်နှာ
ပဌာနပဋ္ဌာန်းဂါထာတော်	....	....	၁
ပဌာန်းသိပ္ပံဆရာတော်၏ အာသီသဂါထာ		....	၂
တပည့်အပေါင်းတို့၏ ပတ္ထနာသီသဂါထာ		....	၄
ပဌာန်ကပတ္ထနာသီသဂါထာ	....	....	၅
ပစ္စယုဒ္ဒေသပါဠိ	....	....	၇
ပစ္စယုဒ္ဒေသအနက်	....	....	၉
ပဌာနဝိဇယုဿဝထုတိုဿဘာဝမဂ်လာဂါထာ		....	၁၇

ပစ္စယတ္ထဝိဘာဝနီကျမ်း

မာတိကာ ပြီးပြီ

အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ ဆရာတော်
ရေးသားစီကုံးရှိ
အဂ္ဂမဟာပဏ္ဍိတ ပဌာန်းသိပ္ပံဆရာတော်
ဟောကြား ရွတ်ဆိုတော်မူအပ်သော
ပဌာန နန္ဒနာ ဂါထာတော်

နာနာပွကာရဌာနာနိ၊ ပေါမိတာနေတ္ထ မုနိနာ။
အနန္တနယပဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။

ထို၊ ဤအနန္တနယ သမန္တပဌာန်း ကျမ်းမြတ်ရတနာ ဒေသနာတော်ကြီး၌။ မုနိနာ၊ မုနိထုတ်တင် ဘုရားရှင်သည်။ နာနာပွကာရဌာနာနိ၊ ဟေတုအာရမ္မဏ စသည်မျိုးပြား အကြောင်းတရားတို့ကို။ ပေါမိတာနိ၊သမ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျင် မျိုးလှဝေနေ(ဒို့တတွေကို) သိစေတော်မူအပ်ခဲ့လေပြီ။ အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူပေသော။တံ အနန္တနယပဌာနံ၊မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထို ပဌာန်းမြတ်ရတနာ ဒေသနာတော်ကြီးကို။ (အဟ၊ ပဌာန်းဒ္ဌစာ ဒေသနာကို သေချာကျန တတ်မြောက်ရမည့် စိတ်ရည်မှန်းမျှော် သင်ကြား အားထုတ်လျက်ရှိပါသော တပည့်တော်သည်။) ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာမို့ ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

၁၃၄၁-ခု နတ်တော်လဆုတ် ၁၀-ရက်
(၁၃-၁၂-၇၉) ကြာသပတေးနေ့
ရန်ကုန်မြို့ မဂ်လာဗျူဟာအသင်းတိုက်တွင်
ကျင်းပသော
၁၀၃-ကြိမ်မြောက် ပဋ္ဌာန်းအခြေခံ အဘိဓမ္မာသင်တန်း၌
အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းသိပ္ပံဆရာတော်
ဟောကြားတော်မူအပ်သော
အာသီသကထာ

ပဋ္ဌာနေ ပါဠိဝတ္ထာယ၊ နာနာဒေသေဟိ အာဂတာ။
ယထာစိန္တံ သမိဒ္ဓန္တိ၊ ဝဏ္ဏေ ဇိနသာသနေ။

ပဋ္ဌာနေ၊ ဗုဒ္ဓမြတ်စွာ စောသတ္တာသည် ဝတီ သာစခန်း အထက်နန်းဝယ် ဆန်းကြယ်စွာ ဟောကြားတော်မူအပ်သော ပဋ္ဌာန်းဒေသနာတရားတော်ကြီး၌။ ပါဠိဝတ္ထာယ၊ ဉာဏ်စွမ်းအလျောက် တတ်မြောက်လိမ်မာကြွပါစိမ့်သောငှါ။ နာနာဒေသေဟိ၊ မြို့နယ်ဝေး, နီး အသီးသီးသော အရပ်ဒေသတို့မှ။ ဣဓ၊ ရန်ကုန်နာဂရ မြို့ဌာနဝယ် မဂ်လာဗျူဟာ သည်ကား ဤအသင်းတိုက်အတွင်းသို့။ အာဂတာ၊ ပိရိကတ်သုံးလီ နှစ်အဆီကို ကိုယ်စီကိုယ်ငှ စားသုံးကြမည်ဟု

အာသီသဂါထာ

ဝမ်းမြောက်ဝမ်းသာ ကြွရောက်တော်မူလာကြကုန်သော။ သောတုဇနာ၊ ပဌာန်းရှေစာ ဒေသနာကို နာယူသင်ကြား သင်တန်းသူ သင်တန်းသားတို့သည်။ ယထာစိန္တံ၊ မိမိတို့သည် ကိုယ်စီကိုယ်ငှ ကြံစည်တွေးဆ၍ ထားတော်မူကြပါကုန်သည် အတိုင်း။ သမိတ္ထန္တု၊ လိုအင်ဆန္ဒ ရှိသမျှကို ပြည့်ဝကုံလုံ ပြည့်စုံ တော်မူနိုင်ကြသည် ဖြစ်ကြပါစေ။ ဇိနသာသနေ၊ ငါးမာရ် အောင်မြင် ဘုရားရှင်၏ တံထွင်မိန့်မှာ သာသနာတော်မြတ် ကြီး၌။ ဝဗုန္တု၊ တနေ့တခြား တက်နေလားသို့ ကိုးပွါးတော် မူကြသည် ဖြစ်ကြပါစေကုန်သတည်း။

တပည့်အပေါင်းတို့၏ ဆုတောင်းမေတ္တာ

ပဏ္ဍနာသီဟဂေထာ

စိရံ ဇီဝတု ထေရော နော၊ ပဋ္ဌာနသာရမာမကော။
အာကာသေ ပုဏ္ဏစန္ဒောဝ၊ သောဘတု ဇိနသာသနံ။

ပဋ္ဌာနဘာရမာမကော၊ ပဋ္ဌာန်းတာဝန်၊ဒို့တာဝန်ဟု၊အား သွန်ကြိုးပမ်း၊ မဆုတ်တမ်း ဘာမထီ၊ ဇာနည်တောက်ကြား၊ ကြီးမားလှလ အာသာဆန္ဒ ရှိတော်မူပေသော။ နော အမှာကံ၊ ပဋ္ဌာန်းစာသင်၊ ခိုဝင်ခဲညောင်း၊ မျှားလှစ္စာသော၊ သင်တန်းသူ သင်တန်းသား တပည့်အပေါင်းတို့၏။ ထေရော၊ ပဋ္ဌာန်းသိပ္ပံ၊ ဂုဏ်ဟိတ်လှုံ့ရှု၊ မြန်ပြည်တင်ရှား၊ ကျေးဇူးရှင် ပဋ္ဌာန်းသိပ္ပံ ဆရာတော်ဘုရားသည်။စိရံ အာယုကပ်လုံး၊ ရှင်ပြုံးကြည်သာ၊ အေးမြစ္စာ။ ဇီဝတု၊ အနန္တရာယ်ခပင်း၊ ရန်စွယ်ရှင်းမှ၊ ပြည်တင်း သမ္ဘာ၊ သာသနာကျိုး၊ဆောင်သည်ပိုးလျက်၊တမျိုးအသရေ၊ တိုးတက် တည်တံ့ခဲတော်မူပါစေသတည်း....။ စိရံ ဇီဝတု၊ ပဋ္ဌာန်းရွှေစာ၊ကြိမ်သုထောင်ပြေ၊သက်တော်စေ့အောင်၊ချမ်း မြေ့ကြည်သာ၊ ရှည်အကြာလျင်၊ တည်ပါစေကြောင်း၊ ဆုမွန် တောင်းသည်၊ အောင်ကြောင်းမင်္ဂလာ ဖြစ်ပါစေဘုရား။

အာကာသေ၊ နဘံဝေဟင်၊ ထက်ကောင်းကင်၌။ ပုဏ္ဏ-စန္ဒာဝ၊ ဆီးနှင်းမြူတိမ်၊ သူရိန်မီးခိုး၊ ညစ်မျိုးငါးဘင်၊ လွန်သန့်စင်သည့်၊ ကြည်လင်ပဝင်း၊ ရွှေလမင်းကြီးကဲ့သို့။ ဇိနသာသနေ၊ငါးဆွယ်ရန်မျိုး၊နှိမ်ချိုးပယ်ခွါ၊ဒအာင်ဇေယျာ သခင်၊ ဘုရားရှင် သာသနာတော်ကြီး၌။ သောဘတု၊ ပဋ္ဌာန်း အောင်သံ၊ အောင်ပွဲခံလျက်၊ အောင်လံလွင့်ထူ၊ အောင်တော်မူ အသရေတမျိုးဖြင့်၊ဝေဖြိုးတင့်တယ်တော်မူနိုင်ပါစေသတည်း။

ပဋ္ဌာန်းကပဋ္ဌာန်းသိသင်္ဂါထာ

ပဋ္ဌာနေ ဝါစကော ဝါရုံ၊ သနဝယန် အနာကုလံ။
သောတူနံ သုခဝေါဓာယ၊ တထာ သုအာန္တု၊ သာဓဝေါ။

ပဋ္ဌာနေ၊ မဟာရန်ကုန်၊ ရွှေတိုက်မှ၊ အာရုံမျှော်ဒီးထောက်၊ ရွှေမြောက်ရပ်ဌာ၊ ဝတ်မတ်မားမား၊ လွန်သင်ရှားမြို့၊ အမျှားနှစ်ခြိုက်၊ ဘရားကြိုက်သည့်၊ ဖိုးထိုက်မင်္ဂလာ၊ ပွါးမျှားရှား၊ မင်္ဂလာဗျူဟာအသင်းတိုးခဲ့ဌာ။ ဝါစကော၊ ပဋ္ဌာန်းရွှေစာ၊ ဒေသနာကို၊ မှန်စွာမချို၊ ဟက်သိဘိုရန်၊ ရှုပ်ပြေးထ၊ သင်ပြသ၍၊ ပဋ္ဌာန်းသိပ်ပ်၊ နှာမ်တွင်ငြား၊ အဂ္ဂမဟာပဏ္ဍိတ ဘဒန္တ ဥာဏိက မဟာထေရ် ဆရာဇရတ်ဘုရားသည်။ ဒေသာတူနှုတ်၊ ပဋ္ဌာန်းကျမ်းဂန်၊ သင်အံ့လေ့ကျက်၊ ဝေဒနာ၊ ရှက်လိုပြား၊ သင်တန်းသူ သင်ဂန်းသားတို့အား။ ဝါ၊ ကို၏ ပုခဏေ-ဓာယ၊ မပင်မပန်း၊ ရှင်လန်းချမ်းသာ၊ လွယ်ကူစွာသျှင်၊ မဟာပဋ္ဌာန၊ ပစ္စယနိဒ္ဒေသ၊ အစဖြာသည့်၊ ပါဠိတော် ထုတ်ဖော်ဟောနည်းကို၊ သိကြပါစေခြင်းအကျိုးငှါ။ ပဋ္ဌာနေ၊ အနုဒ္ဒိနယ၊ သမန္တနှင့်၊ အတိဂမ္ဘီရ၊ နိပုဏာဂုဏ်၊ ပြည့်စုံတင့်ဆန်း၊ ပဋ္ဌာန်းမဟာ၊ ဒေသနာတော်တို့ကို။ သနဝယန်၊ ကိုယ်တိုင်ကြုံစည်၊ ကိုယ်တိထွင်ဆို၊ ကိုယ်ပင်စိုးစမ်း ကိုယ့်ဉာဏ်စွမ်းယှဉ်၊ ကိုယ်ပင်တွေးဆ၊ နည်းလမ်းရှသည့်၊ ကိုယ့်ပဋ္ဌာန်းသိပ်၊ နည်းသစ်မှန်ဖြင့်။ အနာကုလံ၊ နှောင့်ယှက်ပေါ်သိမ်း၊ ကင်းငြိမ်းစွာ။ ဝါရုံ၊ ပဋ္ဌာန်းရွှေစာ၊ ပိုချဲ့ရှာဝယ်၊ ယခုပြုတော့ကလေးကား၊ ၁၀၃-ကြိမ်မြောက်။ ဝါစကော ယတာ၊ တစ်,သုံး,လေး,တစ်၊ ခုနှစ်ကောင်ပေ၊ လမ္ဘာနတ်ဘုရား၊ ပြည့်ကျော် ၁၀-ရက်၊ အစပြု

လျက်၊ ကြွက်,ပူး,နဂါး၊ ထိုနေ့မျှားတွင်၊ ဘုရားဟောဖော်၊ ပဋ္ဌာန်းပါဠိတော်ကို၊ ထုတ်ဖော်တင်ရေး၊ သင်ပေးပို့ချနိုင်သကဲ့သို့။ သာဓုဝေါ၊ ပစ္စယနိဒ္ဒေသ၊အစဖြာသည့်၊ဒေသနာ ပဋ္ဌာန်းကို၊ ကြိုးပမ်းသင်ကြား၊ မှတ်သားနာယူလို ကြကုန်သော သင်တန်းသူ သင်တန်းသား သူတော်ကောင်းတို့သည်၊ အနာကုလ၊ နှောင့်ယှက်ဗျာပါ၊ ကင်းရှင်းကွာ၍၊ ကျန်းမာချမ်းသာစွာ။ သုဏန္တု။ အာရုံတပါး၊ စိတ်မသွားပဲ၊ ထောင်နားစိုက်ကာ၊ ပဋ္ဌာန်းရှေစာ၊ ဒေသနာကို၊ ရိုသေစွာဖြင့် နာယူသင်ကြား မှတ်သားနိုင်ကြပါစေကုန်သတည်း။

ပဌာန်းပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပစ္စယုဒ္ဒေသပါဠိ

ဟေတုပစ္စယော
အာရမ္မဏပစ္စယော
အဓိပတိပစ္စယော
အနန္တရပစ္စယော
သမနန္တရပစ္စယော
သဟဇာတပစ္စယော
အညမညပစ္စယော
နိဿယပစ္စယော
ဥပနိဿယပစ္စယော
ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော
အာသေဝနပစ္စယော
ကမ္မပစ္စယော
ဝိပါကပစ္စယော
အာဟာရပစ္စယော
ဣန္ဒြိယပစ္စယော
ဈာနပစ္စယော

ပစ္စယတ္ထ ဝိဘာဝဝိနိက္ကမ်း

မဂ္ဂပစ္စယော
သမ္မယုတ္တပစ္စယော
ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော
နတ္ထိပစ္စယော
ဝိဂတပစ္စယော
အဝိဂတပစ္စယောတိ
ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄-ပစ္စည်းအကျဉ်း ပြီး၏)

ပစ္စယုဒ္ဒေသအနက်

(၁) ဟေတုပစ္စယော၊

ရေသောက်မြစ်လျှင်၊ ယင်းသစ်ပင်ကို၊ စိမ်းရှင်ညွှန့်ဝေး စည်ပင်စေထ၊ ထောက်ပံ့မည်ကို၊ သဟဇာတံ၊ ရုပ်နှင့်နာမ်ကို၊ သန္ဓေ,ပဝတ်၊ မလွတ်စေရ၊ သဘာဝကတာ၊ အယ်ဒီနစ်ဖြာတွင်း ကောင်းစွာခိုင်ကျည်၊တည်သည်ဟု အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူးဖြင့် ဓာတုဗူးပြုခြင်းလက္ခဏာရှိသော ဟိတ် ခြောက်ပါး ပစ္စည်းတရားဋ္ဌင်း။

(၂) အာရုမ္မဏပစ္စယော၊

ဘောင်ဝေးကြီးတန်း၊ သူမစွမ်းကို၊ မပန်းရုံလေ၊ ထိုင် တစေသို့။ စိတ်,စေလေးတန်၊ နာမက္ခန်ကို။ ဖြစ်ဟန်တူစွာ၊ ရှစ် သဘာဝင်၊ ဆွဲငင်သောက်ရာ အာရုံ၏အဖြစ်တည်းဟူသော အာရုမ္မဏ သတ္တိတူးဖြင့် ဓာတုဗူးပြုခြင်း လက္ခဏာရှိသော အာရုံခြောက်ပါး ပစ္စည်းတရားဋ္ဌင်း။

(၃) အဓိပတိပစ္စယော၊

စကြာဘုန်းဌ၊ မျှားဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့ ဟသိ မောဟ၊ ကြည်ပဿာသို့ဝေ၊ လောဘမူလ၊ အဌပုညား ကြိယာသမ္ပယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့်ခြောက်ပါးတွင်း ကြီးမားလှမ်းမိုး၊ အစိုးရခြင်းဟူသော အဓိပတိသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ ဝီရိယ စိတ္တ ဝီမံသ ဟူသော သဟဇာတာဓိပတိ လေးပါး, ဒုက္ခသဟ၊ မောဟ

ကြည်စိတ်၊ ဣဒ္ဓနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏာဝေပတိ ခြောက်ပါး ပစ္စည်းတရားဝင်း။

(၄) အနန္တရပစ္စယော၊

ပျော်စံနတ်ရွာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မဂ္ဂတူစ္ဆာ၊ ခုနစ်ဖြာတွင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာ လေးပါး အနန္တရပစ္စည်းတည်းဝင်း။

(၅) သမနန္တရပစ္စယော၊

ဧည့်စိမ်မမက်၊ ဟောကြီးထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့်စေကို၊ မဂ္ဂေပြုင်ဘက်၊ ခုနစ်ချက်တွင်၊ အောက်ယက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ ဆောင်လစ်ပမာ၊ ကောင်မွန်စွာလျှင်၊ သမာနဇာဝတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော သမနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါ သမနန္တရ ပစ္စည်းကထားဝင်း။

(၆) သဟဇာတပစ္စယော၊

အလင်းဖြစ်မှု၊ ဆိမ်းပြုသည်၊ တန်ခိုးပမာ၊ သဟဇာတ၊ နာမနှင့်ရူပ်၊ ဘူတပွါဒါ၊ သန္ဓေခါလည်း၊ ဝိပါဝတ္ထု၊ ယင်းခြောက်ခုအား၊ တူကြားအဋ္ဌ၊ သဘာဝတွင်၊ တကွမကွေ၊ ဖြစ်စေခြင်းဟူသော သဟဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း

လက္ခဏာရှိသော နာမ်,မဟာဘူ၊ ဝတ္ထု, ပါက၊ သဟဇာတ ခြောက်ပါး ပစ္စည်းတရားဝင်း။

(၂) အညမညပစ္စယော၊

သစ်သားသုံးခု၊ ချင်းချင်းမသို့၊ ဥပကာရ၊ ထောက်ပံ့လာသော၊ နာမ်မဟာဘူ၊ ဝတ္ထုနာမ်အား၊ တူရှစ်ပါးတွင်၊ ထောက်ထားလှုန်ပင်း၊ အချင်းချင်းဟူသော အညမည သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်မဟာဘူ၊ ဝတ္ထု, ပါက၊ အညမည သုံးပါး ပစ္စည်းတရားဝင်း။

(၃) နိဿယပစ္စယော၊

သစ်ပင်အားမြေ၊ ထောက်ပံ့ပေသို့၊ နှစ်ထွေရုပ်နာမ်၊ သဟဇံအားဝင်း၊စိတ္တဇကမ္မ၊ပဋ္ဌပုံဟန်၊ သတ်ဝိညာဏ်အားဝင်း၊ တူမှန်သဘာ၊ ဆယ့်သုံးဖြာတွင်၊ တည်ရာမှီရာ ဟူသော အဓိဋ္ဌာနာကာရ,နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘူ၊ ဝတ္ထု, ပါကဟူသော သဟ-ဇာတ နိဿယခြောက်ပါး၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော ပုဗ္ဗေ-ဇာတနိဿယခြောက်ပါး ပစ္စည်းတရားဝင်း။

(၄) ဥပနိဿယပစ္စယော၊

မိုးနှင့်မကင်း၊ စုံခပင်းကို၊ မိုးတွင်းခြိမ့်အုန်း၊ ထစ်ချုန်းမြည်ကျိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးပြားလတ်၊ စိတ္တပ္ပါဒ်အား၊ ဆယ့်လေးပါးတွင်၊ အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ၊ မောဟကြည်စိတ်၊ ဣဒ္ဓနိပ္ဖန်၊

နိဗ္ဗာန်ဟူသော အာဝရမ္မဏူပနိဿယ၊ ရှေးရှေးသော နာမက္ခန်ဟူသော် အနန္တရူပနိဿယ၊ ဗလဝရူပ် စိတ္တုပ်ပညတ်ဟူသော ပကတူပနိဿယ သုံးပါး ပစ္စည်းတရားငင်း။

(၁၀) ပုရေဇာတပစ္စယော၊

အလင်းမှီနေ၊ မျှားဗိုလ်ခြေကို၊ ကပ္ပေ စစ္ဆာ၊ ပေါ်လာ ဇွန်းပ၊ နေနှင့်လသို့၊ နောက်မှုဖြစ်လေ၊ စိတ်နှင့်ဧအား၊ တူကိုးပါးတွင်၊ ရှေးဖျားဖြစ်၍၊ ပစ္စုပ္ပန္နေ၊ ပုရေဇာတသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထုပုရေဇာတ၊ နိပ္ပန္နရူပ်ဟူသောအာဝရမ္မဏပုရေဇာတနှစ်ပါး ပစ္စည်းတရာ ငင်း။

(၁၁) ပစ္ဆာဇာတပစ္စယော၊

ဂိုဏ်ချပေါတာက၊ သရီခုအား၊ အာဟာရဝယ်၊ တာတွယ် အာသာ၊ ဧတေနာသို့။ ပုထုဇာတ၊ ရူပ်မြေအား၊ မျိုးလေး ပါးတွင်၊ နောက်ပါးခ်ဖြစ်သဖြင့်၊ ထောက်ပံ့ခိုင်မာ၊ ပစ္ဆာ ဇာတသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နောက် နောက် ပဋ္ဌဝေါကာ နာမ်ခန္ဓာလေးပါး ပစ္စည်းတရားငင်း။

(၁၂) အာသေဝနပစ္စယော၊

နောက်နောက်မှန်လေး၊ သာလွန်မြေးအောင်၊ ရှေးရှေး ထုံးထား၊ နုံ့သာလားသို့၊ မခြားမပြတ်၊ မျိုးဇာတ်တူစု၊ ကုသလာကုသလ၊ ကြိယသဘော၊ နောက်နောက်ဧအား၊ တူခြောက်ပါးတွင်၊ ခွန်အားဟုန်ပြင်း၊ ယူစေလျင်း၍ထုံခြင်း ဟူသော အာသေဝနသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာ

ရှိသော ရှေးရှေးသော လောကီဇော သတ္တစတ္တာလိသ၊ အာသေဝနသုံးပါး ပစ္စည်းတရားရင်း။

(၁၃) ကမ္မပစ္စယော၊

သစ်ပင်တို့အား၊ မျိုးစေလားသို့၊ ကြွင်းငြားတူလတ်၊ သဟဇာတ်နှင့်၊ကဋ္ဌတ္တာဝိပါက်၊ ဤနှစ်ချက်အား၊ တဆယ့်ငါးတွင်၊ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမှုအရာဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ် စေတနာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ်စေတနာဟူသော နာနာက္ခဏိကကမ္မနှစ်ပါး ပစ္စည်းတရားရင်း။

(၁၄) ဝိပါကပစ္စယော၊

ချမ်းရိပ်နားနေ၊ သွန်းလေပြေသို့၊ မကွေ့ဖြစ်လတ်၊ သဟဇာတ်အား၊ မျိုးရှစ်ပါးတွင်၊ အင်အားချည့်ပမ်း၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါက ပစ္စည်းတရားရင်း။

(၁၅) အာဟာရပစ္စယော၊

မယိမ်းမယိုင်၊ ခိုင်စေသောအား၊ ထောက်သည့် ကျားသို့၊ နှစ်ပါးသဟဇာ၊ ရုပ်နှင့်နာမ်အားရင်း၊ လေးတန်သန္ဓတိ သမုဋ္ဌာနိကရုပ်အားရင်း။ ယထာဂ္ဂမ၊ ဒွါဒသမျိုးတူတွင်၊ ဆောင်ယူ ထောက်ပံ့ခြင်းဟူသော အာဟာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဖဿ,စေတနာ,ဝိညာဏ်ဟူ

သော နာမ်အာဟာရသုံးပါး၊ အဇ္ဈတ်ဗဟိ၊ စတုသမုဋ္ဌာနိက ဩဇာဟူသော ရူပ်အာဟာရ ပစ္စည်းတရားငင်း။

(၁၆) ဣန္ဒြိယပစ္စယော၊

တပြည်တွင်းခ၊ ချင်းချင်းမဟန်၊ သီးမသန့်ပဲ၊ ခဲ့ခန့်ပိုင်စား၊ မင်းအမျှားသို့၊ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ဓာတ်ပဋ္ဌဝိညာဏ၊ ကမ္မဇရုပ်အား၊ တူဆယ့်ငါးတွင်၊ အခြားမသွေ၊ မိမိသို့လိုက်စေခြင်းဟူသော ဣန္ဒြိယ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ၊ မဏ္ဍိမာယုက၊ ပသာဒရူပ်ငါးခုဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရူပ်ဟူသော ရူပဇီဝိတိန္ဒြိယ သုံးပါး ပစ္စည်းတရားငင်း။

(၁၇) ဈာနပစ္စယော၊

သစ်ပင်တောင်ဌ၊ တက်သည်ကိုသည်၊ အောက်လူတို့အား၊ ပြောသည်ကဲသို့၊ နှစ်ပါးရူပ်နာမ်၊သဟဇံအား၊ ဆယ့်တပါးတွင်၊ ထင်ရှားတပ်တပ်၊ ကပ်ရှိရှိခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာနသတ္တိထူးဖြင့် ကျေးဇူး ပြုခြင်း လက္ခဏာရှိသော ပဋ္ဌာဝ်ဉ်ကြည်၊ စိတ်မှာယှဉ်သည့်၊ ဈာနင်ခုနှစ်ပါး ပစ္စည်းတရားငင်း။

(၁၈) မဂ္ဂပစ္စယော၊

ထိုကျ၍မှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့မသွေ၊ သဟေတုကတ်၊ သဟဇာတ်အား၊ ဆယ့်သုံးပါးတွင်၊ ပြုစင်မည်းညစ်၊ ကျ၍အပြစ်မှ၊ ပြန်လစ်ဆူလှယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထုက်

မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ်၊ မဂ္ဂင်ဆယ့်နှစ်ပါး ပစ္စည်း တရားငင်း။

(၁၉) သမ္မယုတ္တပစ္စယော၊

စတုမဟာရောသည်တူသို့၊ လေးဆူနာမ်အား၊ခုနှစ်ပါးတွင်၊ လေးပါးအင်္ဂါ၊ မက္ခာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော၊သမ္မယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္မယုတ္တ ပစ္စည်းတရားငင်း။

(၂၀) ဝိပ္ပယုတ္တပစ္စယော၊

ခြောက်ထွေရသာ၊ ပေါင်းရောပါသို့၊ သဟဇာရုပ်၊ ဝတ္ထုပ်,သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကို၊ တူကြားသဘာ၊ ဆယ့်သုံးဖြာတွင်၊ နာနာဘာဝ၊ မယှဉ်ခြင်းဟူသော၊ ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော၊ ပဋ္ဌာဝေါကာရ၊ ရူပသမုဋ္ဌာနိကစိတ်စေ၊ သန္ဓေ,ဟာဒယ စသော သဟဇာတဝိပ္ပယုတ်,ပုရေဇာတဝိပ္ပယုတ် ပစ္ဆာဇာတဝိပ္ပယုတ် သုံးပါး ပစ္စည်းတရားငင်း။

(၂၁) အတ္ထိပစ္စယော၊

မြေမြင်းမိုရ်သည်၊ ထိုထိုဒိမ်းရှင်၊ မြက်သစ်ပင်အား၊ ထင်ရှားရှိနေ၊ ထောက်ပံ့ပေသို့၊ တုက်ရောကုံထံ၊ ရုပ်နှင့်နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှားရှိခိုက်၊အထိုက်လျော်ထ၊ ဥပတ္ထမ္ဘက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်

နာမ်ဟူသော သဟဇာတတ္ထိ ပုရေဇာတတ္ထိ ပစ္ဆာဇာတတ္ထိ အာဟာရတ္ထိ ဣန္ဒြိယတ္ထိ- ငါးပါး ပစ္စည်းတရားငင်း။

(၂၂) နတ္ထိပစ္စယော၊

မိုက်မှောင်ဖြစ်စေ၊ ငြိမ်သေလေပြီး၊ ဆိမ်းပုံသွေး၊ဖြစ်ခင့် ပေးချ၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နတ္ထိပစ္စည်း ထရားငင်း။

(၂၃) ဝိဂတပစ္စယော၊

နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်း သောအဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိဂတ ပစ္စည်း တရားငင်း။

(၂၄) အဝိဂတပစ္စယော၊

ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ မချုပ်တင်း လင်း၊ မကင်းသောအဖြစ်ဖြင့်၊ ကျေးဇူးပြုခြင်း လက္ခဏာ ရှိသော အဝိဂတပစ္စည်းတရားငင်း။

ဤတို၊ ဤသို့။ စတုဝိသတိပစ္စယာ၊ နှစ်ဆယ့်လေးပါး အကြောင်းတရားတို့သည်။ မဟာပကရဏော၊ အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းကြီး၌။ ဌိတာ၊ တည်ကုန်၏။

ပစ္စယုဒ္ဒေသော၊ ပစ္စယုဒ္ဒေသသည်။ ဒုတိယတော၊ ပြီးပြီ။

ဝိသုဒ္ဓါစာရ ထေရေန၊ ဝိသုဒ္ဓါဇုမတါသိနာ။

ရစိတော ပစ္စယုဒ္ဒေသ- ပါဠိပ္ပကာသနော ဆဘာသယာ။

ပဌာနဝိဇယုသဝ ထုတိသြဘာဝမဂ်လာဂါထာ

ပဌာနေ ပဌာနိကာနံ၊ ပဌာနသိပ္ပဝိသုဧာ။
ပဌာန သိပ္ပဉ္ဉယေန၊ ပါဠိဝတ္ထာယ ဝါစကော။

နိဋ္ဌိတော သော ကတော ဂ္ဂေ၊ ပဌာနဝိဇယုသဝေါ။
အဟော နော ဝါစကော ထေရော၊ သုခီ ဒီဃာယုကော ဘဝ။

ပဌာနေ၊ ကြည်နူးစရာ၊ မဟာ ရန်ကုန်၊ ရွှေတိုဂုံဝယ်၊ ထက်ဘုံပစ္စယာ၊ သညာခေါ်ဆို၊ ဗဟိုတံမြက်လှည်း၊ အာသင်းတိုက်ကြီးနှင့်၊ ရှုမငြီး ထင်ပေါ်၊ သံတန်ဆောင်းတော်၌။ ပဌာနသိပ္ပဝိသုတော၊ ကျမ်းကြီး ပဌာန်း၊ ကျမ်းငယ် ဆန်းနှင့်၊ ကျမ်းလတ် ဓာတုကထာ၊ ခက်ခဲရာတွင်၊ ပါဝင်လေသည်၊ အဘိဓမ္မာ၊ ပဌာန်းစာကို၊ မြန်စွာ မနှေး၊ တတ်သိရေး၌၊ မြှော်တွေး ဆန်းသစ်၊ နည်းစနစ်ဖြင့်၊ ဖွင့်လှစ် ပို့ချ၊ သင်ပြသ၍၊ နာမတွင်ခေါ်၊ ပဌာန်းသိပ္ပံဆရာတော်ဟု၊ နိုင်ငံတော် တလွှား၊ လွှန်ကျော်ကြားသည်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏ္ဏာ ဆရာတော်ဘုရားသည်။ ပဌာနိကာနံ၊ အလွန်ခက်ခဲ၊ နက်နဲလှသည်၊ အနုဋ္ဌနယ၊ သမ္ဘဏ္ဍပဌာန်း၊ မြန်ကျမ်းဇာရုးကို၊ လိုလားနှစ်သက်၊ မြတ်နိုးလျက်ဖြင့်၊ တက်တက်ကြွကြွ၊ သင်ယူကြကုန်သော၊ ရဟန်း ရှင် လူ၊ သွင်တူသီလရှင်၊ စာသင် အပေါင်းတို့အား။ ပါဠိဝတ္ထာယ၊ ဉာဏ်စွမ်းအလျောက်၊ တတ်မြောက် လိမ္မာ၊ ကျွမ်းကျင်လာစိမ့်သောဌ။ ပဌာနေ–ပဌာနံ၊ ထက်မြက်နတ်ရှာ၊ ဝတိ သာ၌၊ မြတ်စွာဗုဒ္ဓ၊ ဟောဖော်ပြသည်၊ အနုဋ္ဌနယ၊ သမ္ဘဏ္ဍပဌာန်း၊ မြတ်ကျမ်းဒေသနာကို။ ပဌာနသိပ္ပဉ္ဉယေန၊ သိလှယ် မြင်

လှယ်၊ ˙တတ်သိလှယ်၍၊ ဉာဏ်ဝယ် ချက်ခြင်း၊ ဘုင်းဘုင်းလင်းလျက်၊ လွန်ရှင်း မှန်ကန်၊ သိပ္ပံ နည်းကျ၊ မြန်ဆန်လှသော၊ နယဆန်းသစ်၊ ပဋ္ဌာန်းသိပ္ပံနည်းစနစ်ဖြင့်။ (ဒို့သတ-ဝါရံ၊ ပဋ္ဌာန်း စာဝါ။ ပို့ချရာဝယ်၊ သခ်ျာတွက်လျှောက်၊ ၁၀၂-ကြိမ်မြောက်တိုင်အောင်။) ဝါ၊ကော၊ တထောင့်သုံးရာ စွန်းကာလေးဆယ်၊ တခုကယ်သည့်၊ နှစ်ဝယ် အုံ့ဆိုင်း၊ ရင်ခွင်တိုင်း၌။ မိုင်းဝေပြာရီ၊ မိဂသီနှင့်၊ အညီပြည့်လ၊ ရုံဝန်းပလျက်၊ ခုမ်းမြရတု၊ ဓနုရာသီ၊ အညီမွမ်းဖြင်၊ ဂမုန်းဒုရင်နှင့်၊ သင်ပွင့်ပေါ်၊ လ-နတ်တော်ဆီ၊ သော်တာလ-လှက်၊ (၁၁)ရက်မှ၊ အစပြုကာ၊ ပဥ္စာဝါရ၊ ပစ္စယနိဒ္ဒေသ၊ ဆဝါရ-ဟု၊ ပို့ချ ဖေစဉ်၊ နည်းသစ်တွင်လျက်၊ သခ်ျာသုဒ္ဓ၊ ရှာဖွေမှုဖြင့်၊ ပဋ္ဌာန်း ရှေ့စာ၊ ဒေသနာ၌၊ ပါဠိတော် ထုတ်နည်း၊ ကသိုးအရကောက်၊ ခရိုးပေါက်အောင်၊ ထုတ်ကောက်ကတော်ရေး၊ နည်းမှန်ပေးလျက်၊ သင်ပေးရက်မှာ၊ မျှားမကြာပဲ၊ လျှင်စွာ ပို့ချတော်မူလေ၏။

သော၊ ထို ပဋ္ဌာန်းသိပ္ပံ၊ နည်းသစ်မှန်ဖြင့်၊ ကြံဖန်ပို့ချ၊ သင်ပေးပြအပ်၊ ပဋ္ဌာန်း မဟာ၊ သင်တန်းစာသည်။ ဝ။ ပဋ္ဌာန်းသင်တန်းသည်။ နိဒ္ဒိတော၊ သင်တန်းနည်းပြ၊ အာ-စေရနှင့်၊ သိပ္ပလိုလား၊ ဝေပည်ုသားဆို၊ မျှားထိုထို၏၊ ကိုယ်တွင်းကိုယ်ပ၊ နှစ်ဌာနခ၌၊ အန္ဒုရယ် ခပင်း၊ ရန်ဟယာကင်းလျက်၊ နှောင့်ယှက်ဗျာပါ၊ မရှိပါပဲ၊ လျှင်စွာ ပြီးမြောက်၊ ဓာတ်ဆုံးသို့ ရောက်ခဲ့ပါပေ၏။

ဤခ၊ ပဋ္ဌာန်း အောင်ပွဲ၊ ဆင်ယင်နွဲ့သည့်၊ ဝဲ့ချီးမင်္ဂလာ၊ ဤချိန်ခါ၌။ ကဲတော၊ နောင်လာနောက်သား၊ စာဆင်သား

ကို၊ စိတ်အား ဉာဏ်အား၊ တိုးပွါးစေချင်၊ မှတ်တမ်းတင်လျက်၊ (ပဌာန်း သင်တန်းဆင်း အထိမ်းအမှတ် အဖြစ်) ဆင်ယင်ကျင်းပပြုလုပ်အပ်သော။ နော၊ ၁၀၂-ကြိမ်မြောက်၊ ပဌာန်းသင်တန်း တက်ရောက်၍၊ တတ်မြောက်ကြကုန်သော တပည့်တော်တို့၏။ ပဌာနဝိဇယုဿဝေါ၊ သုံးဘုံဧလာက၊ သုံးလူ့ဘ၏၊ ပဌာန်းဒေသနာ၊ ဆင်ခြင်ခါဃယ်၊ဧခြောက်ဖြာရောင်ခြည်၊ ကွန်ပြူးသည့်အလား၊ မခြားထို့တူ၊ ပဌာန်းစာသင်သူ၌၊ ဉာဏ်မူကြည်သော၊ စိတ်မနောတွင်၊ သဟေတသဘာဝ၊ ပရမကို၊ မုချသိမြင်၊ တတ်ကျွမ်းကျင်ကာ၊ လိမ္မာပါ၍၊ အောင်ရာ အောင်ဟိတ်၊ အောင်နိမိတ်နှင့်၊ အောင်ဘိသိက် ဆင်မြန်းသည့်၊ ပဌာန်း သင်တန်းဆင်း အောင်ပွဲသဘင်သည်။ အဟော-သာဓု၊ တသက်တခါ၊ ကြုံခဲစွာမို့၊ ကြုံလာသည့်ခိုက်၊ လွန်ဖိုးထိုက်၍၊ နှစ်ခြိုက်သစ်ဆန်း၊ အုံ့မခန်းသား၊ ပဌာန်း သိပ္ပံ၊ နည်းကောင်းမွန်ဖြင့်၊ မှန်မှန်သင်ကြား၊ ရက်မများပဲ၊ ပြီးဆုံးသွားပါသဖြင့်၊ အော်..... အုံ့သြဘွယ် ကောင်းပါပေစွတကား။

နော၊ ၁၀၂-ကြိမ်မြောက်၊ ပဌာန်းသင်တန်း တက်ရောက်၍၊ တတ်မြောက်ကြကုန်သော တပည့်တော်တို့၏။ ဝါစကောထေရော၊ ပဌာန်း မဟာ၊ သာသနာသည်၊ ရောင်ဝါနေသို့၊ ထွန်းစေဘို့နှင့်၊ ထို့ပြင်တခန်း၊ တပည့်တပန်း၊ ဉာဏ်စွမ်းအလျောက်၊ တတ်မြောက်စေရန်၊ ရည်စိတ်သန်၍၊ သိပ္ပံ ပဌာန်း၊ နည်းသစ်ဆန်းဖြင့်၊ သင်တန်းဖွင့်ပြ၊ သင်ပို့ချသော၊ အဂ္ဂမဟာပဏ္ဍိတ ပဌာန်းသိပ္ပံဆရာတော်သည်။ သုခီ၊ ကိုယ်စိတ် နှစ်ဖြာ၊ ချမ်းသာခြင်း ရှိသည်ဖြစ်၍။ ဒီဃာယုကော၊

ရောဂါဝေဒနာ၊ ကင်းရှင်းကွာ၍၊ မဟာ ပဌာန်း၊ ဒေသနာ ကျမ်းကို၊ သက်တမ်း ရာကျော်၊ ကျော်ပြီး ကျော်အောင်၊ ပို့ချတော်မူနိုင်သည်။ ဘဝ-ဘဝတု၊ ဗုဒ္ဓ မြတ်စွာ၊ ရှေစာ ပဌာန်း၊ ဒေသနာစွမ်းကြောင့်၊ ရှင်လန်းကြည်သာ၊ ချမ်း မြေ့ကာဖြင့်၊ မြဲစွာမသွေ၊ ဖြစ်ပါစေသတည်း။

ဘဝ၂-ကြိမ်မြောက် ပဌာန်းစာဝါ အောင်မြင် ပြီးဆုံး တော့မည့် ပဌာန်းအောင်ပွဲကြီးကို ရည်ညွှန်းလျက်....

ဦးမြင့်စိုး
သာသနာရေးဦးစီးဌာန၊
ကမ္ဘာဆေး၊ ရန်ကုန်။

၁၅-၁-၁၁

အဂ္ဂမဟာပဏ္ဍိတ

ပဋ္ဌာန်းသိပ္ပံ ဆရာတော်

ရေးသားပြုစုအပ်သော ကျမ်းဂန်များ

၁။ ကထိနပုစ္ဆာ ဝိသဇ္ဇနာကျမ်း၊

၂။ ဗာတ္တိ သမဟာပုရိသလက္ခဏာတော် ကဗျာကျမ်း၊

၃။ ကြည့်ကန်မဟာထေရပွတ္တိဒီပနီကျမ်း၊

၄။ ပဋ္ဌာန်းသိပ္ပံနည်းပြကျမ်း၊

၅။ ကာဗျဝှမဇ္ဇရီကျမ်း၊

၆။ ပဋ္ဌာနသာဝရမဇ္ဇရီကျမ်း၊

၇။ ပဋ္ဌာနသာရ ဝိလာသိနီခေါ် ပဋ္ဌာန်းသိပ္ပံကျမ်း (ပဌမတွဲ)၊

၈။ ″ ″ (ဒုတိယတွဲ)၊

၉။ ″ ″ (တတိယတွဲ)၊

၁၀။ ပစ္စယတ္ထဝိဘာဝိနီကျမ်း၊

၁၁။ ပဋ္ဌာန်းလမ်းညွှန်ကျမ်း (မျှော်ပါ)။